လက်ပံတံခါးကျေးရွာ

လက်ပံတံခါးကျေးရွာအုပ်စု၊ မင်းလှမြို့နယ်

မကွေးတိုင်းဒေသကြီး

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း စာတမ်း

(ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့် အဖွဲ့

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ လက်ပံတံခါးကျေးရွာ

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မင်းလှမြို့နယ်၏ အကူအညီဖြင့် ရေးဆွဲပါသည်။)

ဇူလိုင်လ၊ ၂၀၂၀

D:\VDP 2020-2021 (VDP)\Upper Min Hla (VDP)\Book\Lat Pantagar 2015-2020.docx

မာတိကာ

မာတိကာ

၁။ စကားချီး

၂။ သယံဇာတပြဖြေပုံ

၃။ တည်နေရာနှင့် ပထဝီအနေအထား

၄။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

၅။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ဂ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

(င) ပညာရေး

(စ) ကျန်းမာရေး

(ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

(ဇ) ကျား – မ ရေးရာ

၆။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

နောက်ဆက်တွဲများ

နောက်ဆက်တွဲ (၁) – ဖွံ့ဖြိုးရေးဗျူဟာ ဇယား

နောက်ဆက်တွဲ (၂) – ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

၁။ စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၉/၂၀ ဘဏ္ဍာရေးနှစ်မှ ၂၀၂၃/၂၄ ဘဏ္ဍာရေးနှစ်အထိ ငါးနှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ လက်ပံတံခါးကျေးရွာ၏ ကျေးရွာသူ/သားများ ပါဝင်ရေးဆွဲထားသည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသည့် စိုက်ပျိုးရေး ၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက် အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါ သည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာတိုးတက်ရေးလုပ်ငန်းများကို ယခင်ကာလများက စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများဖြင့် စနစ်တကျ ပူးပေါင်းပါဝင် ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူ အဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါခဲ့သည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက် များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှရယူပြီး ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များအတွက် သက်ဆိုင်ရာ မြို့နယ်ဦးစီး ဌာနများနှင့် အတူတကွ ချိတ်ဆက်လုပ်ဆောင်ရန် လိုအပ် ကြောင်းကိုလည်း ကောင်းစွာ နားလည် သိရှိခဲ့ပါသည်။

ယခု ရေးဆွဲထားသော အစီအစဉ်သည် လက်ရှိကာလအတွင်း ရရှိသည့် အချက်အလက်များကိုသာ အားပြုထားသော်လည်း နောင်ကာလများတွင် ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာ သေချာပါသည်။ ဤစီမံကိန်းတွင်ပါဝင်သော လုပ်ငန်းများသည် ဆက်လက် လုပ်ဆောင်သွားရမည့် လုပ်ငန်း

စဉ်များဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်ပြီးစီးမှု၊ ပေါ်ပေါက်လာမည့် အခက်အခဲများ၊ ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို အခြေအနေကာလအပေါ် မူတည်၍ ပြုပြင်ပြောင်းလဲမှုများ ဆက်လက် လုပ်ဆောင်သွားရန်လည်း လိုအပ်နေပါမည်။

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မင်းလှမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အဆင့်အစိုးရဌာနများ၏ အကြံပြု ချက်များ၊ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင် လည်း ကျွန်ုပ်တို့ကျေးရွာ၏ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဇူလိုင်လ ၊ ၂၀၂၀ ခုနှစ်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
လက်ပံတံခါးကျေးရွာ
မင်းလှမြို့နယ်


N

၂။ တည်နေရာနှင့် ပထဝီအနေအထား

လက်ပံတံခါးကျေးရွာသည် ပုသိမ်-မုံရွာလမ်း၏ အနောက်ဘက် (၈) မိုင် (၁)ဖာလုံခန့်အကွာတွင် တည်ရှိပြီး ရခိုင်ရိုးမ၏ အရှေ့ဘက်တောင်စွယ် ၊ ပနီချောင်းကမ်းပါး တွင် မေးတင်လျှက် တည်ထားသော ရွာကြီးဖြစ်ပါသည်။ ရွာ၏အရှေ့ဘက်တွင် အ.ထ.က ကျောင်း ၊ အနောက်ဘက်တွင် အုပ်ချုပ်ရေးမှူးရုံး ၊ ရဲစခန်းနှင့် ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာန မှ ချထားပေးသောသောက်သုံးရေလှောင်ကန်နှင့် ရေတင်စက်ရုံ ၊ ပနီချောင်း၏တစ်ဖက်ကမ်း တွင် ပျဉ်းပင်ရွာ ၊ ကျောက်စားပွဲရွာ ၊ လယ်မရွာတို့ တည်ရှိပြီး တောင်ဘက်တွင် ဘုန်းကြီး ကျောင်း ၊ ပနီချောင်းတစ်ဖက်ကမ်းတွင် ဝက်ခေါင်းကျေးရွာနှင့် ရွာ၏မြောက်ဘက်တွင် အောင်မြေစေတီ တည်ထားကိုးကွယ်လျှက် ရှိပါသည်။ ပနီချောင်းလေးသည် ရွာ၏အနောက် ဘက် တောင်ဘက်မှ ကပ်လျှက် စီးဆင်းနေပါသည်။ ပနီချောင်း၏ တစ်ဘက်တစ်ချက်တွင် လယ်ကွင်းများနှင့် ဝန်းရံလျှက်ရှိပါသည်။ ပနီချောင်းရေသည် မိုးတွင်းအခါ အရှိန်အဟုန် ပြင်းစွာ စီးဆင်းသလောက် နွေရာသီတွင် ညှင်သာပြေပြစ်စွာ စီးဆင်းလျှက်ရှိပါသည်။ ၎င်းချောင်းပေါ်တွင် ကိုယ်ထူကိုယ်ထ တည်ဆောက်ထားသော ကြိုးတံတား ၂ စင်းမှာ ခန့်ညားထည်ဝါလျှက် ကျေးရွာအုပ်စု၏ စည်းလုံးညီညွတ်မှုဂုဏ်ကို ဖော်ကြူးနေသော ပြရုပ် ဖြစ်ပါသည်။

၃။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

ရခိုင်ရိုးမတောင်တန်း၏ အရှေ့ဘက်တောင်စွယ်နှင့် နီးသော်လည်း မိုးနှည်း ရပ်ဝန်းဒေသတွင် ကျရောက်လျှက် ရှိပါသည်။ မိုးအခါ ပနီချောင်းကို အမှီပြု၍ တစ်နှိုင် တစ်ပိုင် ရေသွင်းဆည်နှင့် လယ်မြေများကို စိုက်ပျိုးမှီခိုနေရပြီး သဘာဝအလျှောက် ပေါက်ရောက်သော ဆေးဘက်ဝင်အပင်များ အသင့်အတင့် ရှိပါသည်။ သဘာဝအတိုင်း ပေါက်ရောက်လျှက်ရှိသော ဆေးဘက်ဝင်အပင်များနှင့် သစ်တော ၊ ဝါးတောများမှာ နည်းပညာအားနည်းခြင်းကြောင့် အသုံးပြုနိုင်မှု အားနည်းလျှက် ရှိပါသည်။

၄။ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

ကျေးရွာတွင် ကျေးရွာအုပ်ချုပ်ရေးမှူးမှ ဦးဆောင်၍ သာရေး ၊နာရေး ကိစ္စရပ်များနှင့် ယဉ်ကျေးမှုဆိုင်ရာ ဓလေ့ထုံးစံများတွင် ဝိုင်းဝန်းဆောင်ရွက် လျှက် ရှိပါသည်။ ကျေးရွာတွင် ရပ်မိရပ်ဖအဖွဲ့ ၊ မိဘဆရာအသင်း ၊ ကျောင်း

ကော်မတီ ၊ ရေပေးရေးကော်မတီ၊ ကိုယ့်အားကိုယ်ကိုးအဖွဲ့ ၊ ဖွံ့ဖြိုးရေးအဖွဲ့ ၊ အမျိုးသမီးရေးရာ ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ ၊ နာရေးကူညီမှု အသင်းဟူ၍ အဖွဲ့အစည်း (၉) ဖွဲ့ ရှိပါသည်။ ကျေးရွာလူထုကိုယ်တိုင် "ဖွံ့ဖြိုးရေးရည်မှန်းချက်" နှင့် စုပေါင်း၍ ဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များကို ဆောင်ရွက်လျှက် ရှိပါသည်။

(ခ) **စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ**

ကျေးရွာသူ/သားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်သော ဥစ္စာဓန အဆင့် ခွဲခြားမှုနည်းလမ်းအရ ကျေးရွာလူထုသည် ယေဘုယျအားဖြင့် အလယ်အလတ်အဆင့် အိမ်ထောင်စုများကိုသာ တွေ့ရှိရပါသည်။ အဓိက ဝင်ငွေရလုပ်ငန်းသည် လယ် ၊ ယာ ၊ ကိုင်း လုပ်ငန်းဖြစ်ပြီး ကျေးရွာတစ်ရွာလုံး အနေအထားမှာ သာမန်အားဖြင့် ဆိုးရွားသောအခြေအနေ မရှိပါ။ လယ် ၊ ယာများသည် မိရိုးဖလာနည်းများကိုသာ အားကိုးအားထားပြုနေမှုများကြောင့် ကျေးရွာ၏စီးပွားရေးအခြေအနေမှာ လယ်မြေ ၊ ယာမြေပိုင်ဆိုင်မှုများနှင့် နှိုင်းယှဉ်လျှင် အဆင်ပြေမှု အားနည်းသည်ကို တွေ့ရှိရပါသည်။ လယ်ယာလုပ်ငန်း လုပ်ကိုင်ကြသော်လည်း အဆင်ပြေမှုမရှိသည့်အတွက် လူငယ်များထိုင်း ၊ မလေးရှား ၊ တရုတ်နိုင်ငံများသို့ အလုပ်လုပ်ကိုင်ရန် သွားရောက်ရခြင်းများ ရှိသည့်အတွက် လုပ်အားများ ယိုစိမ့်မှုများ ရှိခြင်းသည် ကျေးရွာအတွက် သာမက နိုင်ငံတော်အတွက်ပါ ကြီးမားသော ဆုံးရှုံးမှုတစ်ရပ်ပင် ဖြစ်ပါသည်။

(ဂ) **အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ**

ကျေးရွာတွင် အထက်တန်းကျောင်းအဆင့် ကျောင်းတစ်ကျောင်းရှိပြီး ကျောင်းမြေအကျယ်အဝန်းမှာ (၁၁) ဧက ခန့် ကျယ်ဝန်းပါသည်။ အထက်တန်းကျောင်းဆောင်ကို အလျား ၁၃၄ ပေ အနံ ၉၀ ပေရှိ သွပ်မိုး အုတ်ကာ ၊ အင်္ဂတေအခင်းကျောင်းဆောင်ကို (၁၉၈၃) ခုနှစ်တွင် တည်ဆောက်ပေးခဲ့ပါသည်။ အလယ်တန်းကျောင်းဆောင်မှာ အလျား ၁၂၀ ပေ အနံ ၃၀ ပေ အဆောက်အဦးနှင့် မူလတန်းဆောင်မှာ အလျား ၁၂၀ ပေ အနံ ၂၆ ပေ တည်ရှိပါသည်။ ဆရာ/ဆရာမ လုံလောက်မှု မရှိသေးပါ။

ကျေးရွာတွင်း ကျွေးလက်ဆေးပေးခန်းအဆောက်အဦး အလျား ၄၅ အနံ ၂၇ ပေ ကို (၁၉၇၂) ခုနှစ်တွင် တည်ဆောက်ပေးခဲ့ပြီး ကျန်းမာရေးမှူး (၁) ဦးနှင့် ကျန်းမာရေးဝန်ထမ်းများ ချထားပေးခဲ့ပါသည်။ (၂၅)ကုတင်အဆင့် တိုက်နယ်ဆေးရုံ အလျား ၁၁၀ ပေ အနံ ၁၁၅ ပေရှိ အဆောက်အဦးကို ၂၀၁၇ ခုနှစ်တွင် ချထားပေးသော်လည်း တိုက်နယ်အဆင့် ဆရာဝန် ချထားပေးခြင်း မရှိသေးပါ။ ကိုယ်ဝန်ဆောင်မိခင်များ ကာကွယ်ဆေးထိုးနှံခြင်း ၊ အာဟာရ ကျန်းမာရေးလုပ်ငန်းများ ၊ ပတ်ဝန်းကျင်သန့်ရှင်းရေးများ ဆောင်ရွက်ခြင်း ၊ ကျန်းမာရေးအသိပညာပေးခြင်းကိစ္စရပ်များတွင် အထိုက်အလျောက်တိုးတက် ကောင်းမွန်သော အခြေအနေများ ရှိပါသည်။ တစ်ကိုယ်ရေသန့်ရှင်းရေးမှာ အလွန်အားနည်းခြင်း ၊ ကျန်းမာရေးလိုက်စားမှု အားနည်းခြင်းတို့ကြောင့် ကျန်းမာရေးကဏ္ဍမှာ လိုအပ်ချက်များ ရှိပါသည်။

ကျေးရွာနေပြည်သူလူထုမှာ သောက်သုံးရေဖူလုံမှု ရှိပါသည်။ ပနီချောင်းတွင်းရှိရေကို ဒီဇယ်အင်ဂျင်စွမ်းအင်သုံး ရေပန့်ဖြင့် ရွာသို့တင်ကာ လှောင်ကန်မှတဆင့် ရွာတွင်းသို့ ပေးဝေပါသည်။

ပတ်ဝန်းကျင်သန့်ရှင်းရေးတွင် အိမ်သာနှင့် စွန့်ပစ်အမှိုက်များကို စနစ်တကျပြုလုပ်ရန် ၊ စွန့်ပစ်ရန် လိုအပ်မှု ရှိနေသေးပါသည်။ ယင်လုံအိမ်သာများကို စနစ်တကျ ကျင်းတူး ၊ အလုံပြုလုပ်ရန် လိုအပ်ပါသည်။ အမှိုက်များကို စနစ်တကျ အမှိုက်ကျင်းတူး၍ စွန့်ပစ်မီးရှို့ဖျက်စီးခြင်းများကို ဆောင်ရွက်နိုင်ပါက ပတ်ဝန်းကျင်သန့်ရှင်းရေး တိုးတက်ကြောင်းမွန်သော ကျေးရွာအဖြစ် ရောက်ရှိလာနိုင်မည်ဖြစ်ပါသည်။

သတင်းအချက်အလက်များတွင် ဖုန်းလိုင်းများ ရရှိသောကြောင့် ဖုန်းနှင့် အင်တာနက်အသုံးပြုနိုင်မှု အားသာချက်များ ရှိသော်လည်း အစိုးရသတင်းစာ ၊ ဂျာနယ်များ ရောက်ရှိမှုအားနည်းသေးကြောင်း တွေ့ရှိရပါသည်။

ကျေးရွာတွင် ရဲကင်းအဆင့်အား (၁၉၆၁) ခုနှစ်တွင် တည်ဆောက်ခဲ့ပြီး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးမှု ကောင်းမွန်လာခဲ့ပါသည်။ ထို့နောက် ရဲအုပ်အဆင့်တာဝန်ထမ်းဆောင်နိုင်သော ရဲစခန်းအဆင့်တို့မြှင့်ခဲ့ခဲ့ပြီး ရပ်ရွာအတွင်း ဒုစရိုက်မှုများ လျော့နည်းကျဆင်းလာခဲ့ပါသည်။ ကျေးရွာ

အုပ်ချုပ်ရေးမှူးရုံးအား (၁၉၉၀) ခုနှစ်တွင် မြေနေရာရရှိထားပြီးဖြစ်သော်လည်း ခိုင်မာသည့်အဆောက်အဦး ဆောက်လုပ်နိုင်ခြင်း မရှိသေးပါ။ ကျေးရွာအနောက်ဘက်တွင် သ/မဆိုင် အလျား ၃၆ ပေ အနံ ၂၇ ကေ အဆောက်အဦးတည်ရှိပါသည်။

(ဃ) **ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု**

ကျေးရွာတွင် သက်သာသော ချေးငွေရရှိနိုင်မှု မရှိသဖြင့် အချို့အိမ်ထောင်စုများ ကျေးရွာတွင်းမှ ငွေချေးသူများထံမှ လယ်မြေ ၊ အိမ်ခြံမြေများကို အာမခံထားကာ အတိုးနှုန်းကြီးကြီးဖြင့် ငွေချေးယူပြီး လိုသလောက် အလွယ်တကူ ချေးယူ၍ မရနိုင်ပါ။ သမဝါယမချေးငွေနှင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးယူနိုင်သော်လည်း ချေးယူမှု နည်းပါးပါသည်။

(င) **ပညာရေး**

ကျေးရွာ၏ ပညာရေးအဆင့်မှာ ကောင်းမွန်သော်လည်း ကျေးရွာလူဦးရေနှင့်ယှဉ်လျှင် ဘွဲ့ရပညာတတ် အလွန်နည်းပါးကြောင်း တွေ့ရှိရပါသည်။ ကျေးရွာတွင် အခြေခံပညာရေးမှာ အထက်တန်းအဆင့်အထိသာ တက်ရောက်သင်ကြားနိုင်သော်လည်း ကျောင်းဆရာ/ဆရာမများ လုံလောက်မှုမရှိခြင်းကြောင့် လိုအပ်ချက်များ ရှိနေပါသေးသည်။

(စ) **ကျန်းမာရေး**

ကျေးရွာတွင် ရာသီအလိုက် ဖျားနာခြင်း ၊ အအေးမိခြင်းနှင့် ရာသီတုတ်ကွေးများ နှစ်စဉ်ဖြစ်ပေါ်လျက်ရှိပါသည်။ ဆင်ခြေထောက်ရောဂါ ကာကွယ်ဆေး ၊ ဝက်သက်ရောဂါ ကာကွယ်ဆေးများ တိုက်ကျွေးသည်ကို တွေ့ရှိရပါသည်။ ကျန်းမာရေးဝန်ဆောင်မှုအတွက် ဆေးပေးခန်း ၊ ဆေးဝါးအလုံအလောက် ဖြည့်တင်းပေးခြင်း ၊ ကျန်းမာရေးဝန်ထမ်းများ အထူးပင် လိုအပ်လျက် ရှိပါသည်။

(ဆ) **ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

ကျေးရွာသည် မြန်မာနိုင်ငံအလယ်ပိုင်း မြေပြန့်ဒေသတွင် တည်ရှိသောကြောင့် မုန်တိုင်းကျရောက်မှု အလွန်နည်းပါးပြီး ၊ မြစ် ၊ ချောင်းများနှင့် ဝေးကွာသည့်အတွက် ရေကြီးရေလျှံမှုအန္တရာယ် နည်းပါးလှပါသည်။ နွေရာသီ

တွင် ပေါ့ဆမီးနှင့် တောမီးများမှတဆင့် မီးဘေးအန္တရာယ် စိုးရိမ်ရပါသည်။ ကျေးရွာတွင် ပဲ ၊ နှမ်းနှင့် စပါးစိုက်ပျိုးရာတွင် ကျရောက်တတ်သော ပိုးမွှားများကို ဓာတုပိုးသတ်ဆေး ၊ ဓာတုမြေဆီများကို စနစ်တကျ သုံးစွဲနိုင်မှု အားနည်းသေးသဖြင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုရှိနိုင်ကြောင်း တွေ့ရှိ ရပါသည်။ ထို့ကြောင့် သဘာဝအရင်းအမြစ်များကို ထိန်းသိမ်းရာတွင် အမှိုက် များကို စနစ်တကျစွန့်ပစ်ခြင်း ၊ ဓာတုပိုးသတ်ဆေး ၊ ဓာတုမြေသြဇာများကို သုံးစွဲခြင်းထက် သဘာဝမြေသြဇာနှင့် သဘာဝဘိုင်အိုပိုးသတ်ဆေးများကို စနစ်တကျ သုံးစွဲတတ်စေရန် နည်းပညာများ သင်ယူစေခြင်းဖြင့် တောတောင် ရေမြေနှင့် စိမ့်စမ်းရေများကို အလိုအလျှောက် ထိန်းသိမ်းပေးရာ ရောက်စေ မည်ဖြစ်ပါသည်။

(၉) **ကျား–မ ရေးရာ**

ကျေးရွာတွင် ကျား/မရေးရာကိစ္စဆိုင်ရာ တာဝန်ယူမှုအပိုင်းတွင်လည်း ကျေးရွာလူမှုအဖွဲ့အစည်းများ၏ စံနှုန်းများအရ ကောင်းစွာ သတ်မှတ်ထားကြ သည်။ ကျေးရွာတွင် အမျိုးသား/အမျိုးသမီးများသည် သာမန်အားဖြင့် ကျန်းမာရေး ၊ ပညာရေး ၊ စီးပွားရေး ၊ လူမှုရေး ၊ သာသနာရေးကိစ္စရပ်များ တွင် အခွင့်အရေး တူညီစွာရရှိနိုင်ပြီး အခြားအခွင့်အလမ်းများဖြစ်သော ကျေးရွာအုပ်ချုပ်ရေးအဖွဲ့အစည်းများတွင် ကျေးလက်ပြည်သူများ၏ ဆန္ဒကိုခံ ယူ၍ ဆန္ဒမဲများပေးကာ ဆယ်အိမ်မှူး ၊ ရာအိမ်မှူး ၊ အုပ်ချုပ်ရေးမှူးအထိ ဝင်ရောက်ယှဉ်ပြိုင်သည်ကို တွေ့ရပါသည်။ ယေဘုယျအားဖြင့် ကျား/မ ခွဲခြားမှုကိစ္စရပ်များ မတွေ့ရှိရပါသည်။

လက်ပံတံခါးကျေးရွာ၊ ကျေးရွာဖွံ့ဖြိုးရေး အကောင်အထည်ဖော်ဆောင်ရွက်လိုသည့် ဦးစားပေး စီမံချက်များ

စဉ်	စီမံချက် (Project)	ဦးစားပေး အဆင့်	၂၀၁၉ ၂၀၂၀	၂၀၂၀ ၂၀၂၁	၂၀၂၁ ၂၀၂၂	၂၀၂၂ ၂၀၂၃	၂၀၂၃ ၂၀၂၄
၁	ကျေးရွာတွင်းလမ်းမြေနီကျောက်စရစ်ခင်းခြင်း	၁	✓				
၂	အိမ်တိုင်ရာရောက်ရေသွယ်စနစ် ရေမီတာတပ်ဆင်ခြင်း	၂		✓			
၃	ရွာတွင်းလမ်းများအဆင့်မြှင့်တင်ခြင်း	၃		✓			
၄	ဘက်စုံသုံးခန်းမတည်ဆောက်ခြင်း	၄			✓		
၅	စပါးမျိုးစေ့ဘဏ်တည်ထောင်ခြင်း	၅			✓		
၆	တောင်သူအသိပညာပေးဟောပြောပွဲများကျင်းပခြင်း	၆	✓				
၇	လျှပ်စစ်မီးသွယ်တန်းခြင်း	၇				✓	
၈	လက်ပံတံခါး-လယ်လျားရှည်-ဝက်ခေါင်း ကွန်ကရစ်တံတားတည်ဆောက်ခြင်း	၈				✓	
၉	မီးသတ်အဆောက်အဦတည်ဆောက်ခြင်း	၉					✓
၁၀	ဝန်ထမ်းအိမ်ရာတည်ဆောက်ခြင်း	၁၀					✓

မင်းလှမြို့နယ် ၊ လက်ပံတံခါးကျေးရွာအုပ်စု ၊ လက်ပံတံခါးကျေးရွာ

ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား

စဉ်	ပြဿနာ	အကြောင်းအရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းရမည့် နည်းလမ်းများ	အဆိုပြုစီမံကိန်း နှင့် လုပ်ငန်းများ
၁	**စီမံအုပ်ချုပ်မှုစနစ်**					
	အုပ်ချုပ်ရေး၊လူမှုရေးအသင်းအဖွဲ့များဟောပြောဆွေးနွေးပွဲများကျင်းပရန်အဆောက်အဦးမရှိခြင်း	အုပ်ချုပ်ရေး၊လူမှုရေးအသင်းအဖွဲ့များမှဟောပြောဆွေးနွေးပွဲများကို ဘုန်းတော်ကြီးကျောင်းများတွင် ဆောင်ရွက်နေရခြင်း	မြေနေရာရှိခြင်း	ရန်ပုံငွေမရှိခြင်း	ဘက်စုံသုံးခန်းမတည်ဆောက်ခြင်း	ဘက်စုံသုံးခန်းမတည်ဆောက်ခြင်း
J	**လမ်းတံတားနှင့်လျှပ်စစ်**					
	ရွာတွင်းလမ်းများမကောင်းခြင်း	-မြေသားလမ်းဖြစ်နေခြင်း -မြေပြင်ညီညာမှုမရှိခြင်း -ချိုင့်ကွက်များထူနေခြင်း -မြေစီးများဖြစ်နေပြီး မိုးရာသီတွင်သွားလာရခက်ခဲခြင်း	ကျေးရွာလူထုမှ လုပ်အားထည့်ဝင်နိုင်ခြင်း	-	လမ်းကော်မတီဖွဲ့စည်း၍ ကျေးလက်ဦးစီးဌာနနှင့်ချိတ်ဆက်တင်ပြတောင်းခံခြင်း	-ကျေးရွာတွင်းမြေနီကျောက်စရစ်ခင်းခြင်း -ရွာတွင်းလမ်းများအဆင့်မြှင့်တင်ခြင်း

စဉ်	ပြဿနာ	အကြောင်းအရင်း	အခြေအနေ ကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းရမည့် နည်းလမ်းများ	အဆိုပြုစီမံကိန်း နှင့် လုပ်ငန်းများ
	ရွာတွင်းလမ်းများမကောင်းခြင်း	-ကျေးရွာအနီး တောင်ပေါ်ရှိချင်းတိုင်းရင်းသားလူနည်းစုများအတွက် လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်း	ချောင်း/သဲ/ကျောက်စရစ်များပေါများခြင်း	နည်းပညာနှင့်ငွေကြေးမတတ်နိုင်ခြင်း	ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း	-လက်ပံတံခါး-လယ်ယာရှည် -လက်ပံတံခါး-ဝက်ခေါင်းကွန်ကရစ်တံတားတည်ဆောက်ခြင်း
	လျှပ်စစ်မီးမရရှိခြင်း	-မြို့နှင့်အလှမ်းကွာဝေးခြင်း -မဟာဓာတ်အားလိုင်းနှင့်ဝေးကွာခြင်း	မြေနေရာရှိခြင်း	-	မီးလင်းရေးကော်မတီဖွဲ့စည်း၍ လျှပ်စစ်ဦးစီးဌာနနှင့်ချိတ်ဆက်တင်ပြတောင်းခံခြင်း	လျှပ်စစ်မီးသွယ်တန်းခြင်း
၃	**သောက်သုံးရေဖူလုံရေး**					
	ရေလေလွင့်ဆုံးရှုံးမှုများနေခြင်း	IFAD စီမံကိန်းရန်ပုံငွေဖြင့် ဆောင်ရွက်ထားသည့်အိမ်တိုင်ရာရောက်ရေသွယ်စနစ်တွင် ရေမီတာတပ်ဆင်ထားမှုမရှိ	လက်ရှိရေစုကန်အင်ဂျင်နှင့်ရေပိုက်လိုင်းများသွယ်တန်းထားရှိမှုနှင့် ရေဖိုးရေခများ	-	ရေကော်မတီဖွဲ့စည်း၍ တိုးချဲ့သွယ်ယူသည့်ရေပိုက်လိုင်းများ စနစ်တကျသွယ်တန်းခြင်းနှင့်	အိမ်တိုင်ရာရောက် ရေသွယ်စနစ်အတွက် ရေမီတာ တပ်ဆင်ခြင်း

စဉ်	ပြဿနာ	အကြောင်းအရင်း	အခြေအနေ ကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းရမည့် နည်းလမ်းများ	အဆိုပြုစီမံကိန်း နှင့် လုပ်ငန်းများ
		ခြင်း	ကောက်ခံထားရှိ ခြင်း		ရေမီတာတပ်ဆင် ရန် နည်းပညာနှင့် ငွေကြေးလိုအပ်ခြင်း	
၄	ပညာရေး					
	ပညာရေးဝန်ထမ်းများ နေထိုင်ရန်အဆောက်အဦး မရှိခြင်း	-လက်ရှိကျေးရွာမှ ဆောက်လုပ်ထားသည့် အဆောက်အဦးများ ဟောင်းနွမ်းဆွေးမြေ့နေ ခြင်း -ဆရာ/ဆရာမဦးရေတိုး ပွားလာခြင်း	-မြေနေရာရှိခြင်း -ချောင်းသဲ / ချောင်းကျောက် စရစ်များပေါများ ခြင်း	ငွေကြေးမတတ် နိုင်ခြင်း	ပညာရေးဌာနနှင့် ချိတ်ဆက်၍ တင်ပြတောင်းခံခြင်း	ဝန်ထမ်းအိမ်ရာ တည်ဆောက်ခြင်း
၅	စိုက်ပျိုးရေးနှင့်မွေးမြူရေး					
	သီးနှံအထွက်နှုန်း မကောင်း ခြင်း	-ရာသီဥတုမမှန်ခြင်း -အသိပညာဗဟုသုတ မရှိခြင်း -စိုက်ပျိုးရေးချေးငွေမလုံ လောက်ခြင်း -မျိုးကောင်းမျိုးသန့် မစိုက်ခြင်း	နည်းပညာများပေး ပါက တောင်သူ များမှစိတ်ပါဝင်စား မှုရှိခြင်း	ကွင်းဆင်းဝန်ထမ်း လာရောက်မှု အား နည်းခြင်း	စိုက်ပျိုးရေးဦးစီး ဌာနနှင့်ချိတ်ဆက် ဆောင်ရွက်ခြင်း	-တောင်သူအသိပညာ ပေးဟောပြောပွဲများ ကျင်းပခြင်း -စပါးမျိုးစေ့ဘဏ် တည်ထောင်ခြင်း

စဉ်	ပြဿနာ	အကြောင်းအရင်း	အခြေအနေ ကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းရမည့် နည်းလမ်းများ	အဆိုပြုစီမံကိန်း နှင့် လုပ်ငန်းများ
		-မိရိုးဖလာစိုက်ပျိုးခြင်း				
၆	လုံခြုံရေး					
	မီးသတ်ယာဉ်လေဒဏ် မိုး ဒဏ်ခံနိုင်ရန် လိုအပ်ခြင်း	မီးသတ်ကားထားရှိရန် အဆောက်အဦးမရှိခြင်း	မြေနေရာရှိခြင်း	-	မီးသတ်ဦးစီးဌာနှင့် ချိတ်ဆက်တင်ပြ တောင်းခံခြင်း	မီးသတ်ကားထားရှိရန် အဆောက်အဦး တည် ဆောက်ခြင်း

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၅	၁၀	၁၅
၁ နှစ်မှ ၄ နှစ်	၅ နှစ်အောက်ကလေးငယ်	၃၆	၂၃	၅၉
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၃၄	၃၅	၆၉
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၄၇	၄၁	၈၈
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၇၄၁	၆၄၆	၁၃၈၇
၆၅ နှစ် နှင့် အထက်	သက်ကြီးရွယ်ကြီး	၃၉	၅၃	၉၂
စုစုပေါင်း		၉၀၂	၈၀၈	၁၇၁၀
စုစုပေါင်း အိမ်ထောင်စု				၅၃၁

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ အသက်အုပ်စု ၁ နှစ်အောက် ဆိုသည်မှာ မွေးကင်းစ မှ အသက် (၁) နှစ်မပြည့်မီ အရွယ်၊ ၁ နှစ်မှ ၄ နှစ် ဆိုသည်မှာ အသက် (၁) နှစ်ပြည့် အရွယ်မှ (၅) နှစ်မပြည့်မီ အရွယ်၊ ၅ နှစ်မှ ၉ နှစ် ဆိုသည်မှာ အသက် (၅) နှစ်ပြည့်သည်မှ အသက် (၁၀) နှစ်မပြည့်မီ အရွယ်၊ ၁၀နှစ်မှ ၁၄ နှစ်ဆိုသည်မှာ အသက် (၁၀) နှစ်ပြည့်သည်မှ အသက် (၁၅) နှစ်မပြည့်မီ အရွယ်၊ ၁၅ နှစ်မှ ၆၄နှစ် ဆိုသည်မှာ အသက် (၁၅)နှစ်ပြည့်သည်မှ အသက် (၆၅) နှစ်မပြည့်မီ အရွယ်၊ အသက် ၆၅နှစ်နှင့် အထက် ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့် အရွယ်နှင့် ၎င်းထက် အသက်ကြီးသည့် အရွယ်များကို ဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ လက်ပံတံခါးကျေးရွာတွင် လူဦးရေ စုစုပေါင်း (၁၇၁၀) ယောက်ရှိပြီး ၊အလုပ်လုပ်နိုင်သော ဦးရေမှာ (၁၃၈၇)ဦး ရှိကြောင်းတွေ့ရှိရပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၄၇၄	၁၀၀၀	၂၀၀	မြင့် ☑လတ်☐နိမ့်☐
	အလုပ်သမား / ဝန်ထမ်း	၃၀	၀	၈၇	မြင့်☐လတ်☑နိမ့်☐
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
၄	သစ်တောလုပ်ငန်း				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □လတ် □နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □လတ် □နိမ့် □
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □လတ် □နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □လတ် □နိမ့် □
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □လတ် □နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □လတ် □နိမ့် □
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □လတ် □နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □လတ် □နိမ့် □
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □လတ် □နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □လတ် □နိမ့် □
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □လတ် □နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □လတ် □နိမ့် □
၁၁	**လက်လီ- လက်ကား ရောင်းဝယ်ရေး**				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း	၂၀	၄၀	၀	မြင့် ☐လတ် ☑နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၅	၁၂	၀	မြင့် ☐လတ် ☑နိမ့် ☐
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
၁၇	**ပညာရေး**				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း	၂	၂	၀	မြင့် ☐လတ် ☑နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား	၀	၀	၀	
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
	စုစုပေါင်း				☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် ကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင်သူမှာ တောင်သူလုပ်ကိုင်သူများပြီး ၊အရောင်းအဝယ်လုပ်ကိုင်သူများလည်း အနည်းငယ်တွေ့ရှိရပါသည်။ပညာရေးလုပ်ငန်းလုပ်ကိုင်သော ဘော်ဒါ (၂)ခု ရှိပါသည်။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၄၀၀၀	၄၀၀၀	၃၀၀၀	၃၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	၀	၀	၀	၀
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား	၀	၀	၀	၀
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း	နေ့စား	၀	၀	၀	၀
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	၀	၀	၀	၀
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၅၀၀၀	၅၀၀၀	၃၀၀၀	၃၀၀၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား	၃၀၀၀	၃၀၀၀	၃၀၀၀	၃၀၀၀
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား	၃၀၀၀	၃၀၀၀	၃၀၀၀	၃၀၀၀
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား	၀	၀	၀	၀
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း	နေ့စား	၀	၀	၀	၀

ရင်းမြစ် ...ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက်(၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷၂၂.၇၅)

(၂) နာရီတွက်ဖြင့်ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။စိုက်ပျိုးရေးစရိတ်များ လယ်ယာစိုက်ပျိုးရေးအတွက် ငှားရမ်းခ စရိတ်မှာ ယခင်နှစ်များတွင် (၃၀၀၀)ကျပ်သာရှိပြီး ယခုနှစ်များတွင် လုပ်သားရှားပါး လာသည့်အတွက် (၄၀၀၀)ကျပ်ထိ ပေးကြရပါသည်။ လက်လီ၊လက်ကားရောင်းဝယ်မှုများတွင် ယခင်နှစ်များနှင့် အတူတူပင်ဖြစ်ပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဧယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာရွေးရန်)
လယ်မြေ	၆၁၇.၅၀	ကောင်း ☐သင့် ☑ညံ့ ☐
ယာမြေ / တောင်ယာမြေ	၂၇၆.၀၀	ကောင်း ☐ သင့် ☑ ညံ့ ☐
ဥယျာဉ်ခြံမြေ	၆.၇၀	ကောင်း ☐ သင့် ☑ ညံ့ ☐
ကိုင်း / ကျွန်းမြေ	၉၇.၅၀	ကောင်း ☐ သင့် ☑ ညံ့ ☐
ခနိတောမြေ	၀.၀၀	ကောင်း ☐ သင့် ☐ ညံ့ ☐
စားကျက်မြေ	၁၀၀.၀၀	ကောင်း ☐ သင့် ☑ ညံ့ ☐
မြေလွတ် မြေလပ်	၁၆.၅၀	ကောင်း ☐ သင့် ☑ ညံ့ ☐
စုစုပေါင်း	၁၁၁၄.၂	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုး ကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။မြေကေစုစုပေါင်းမှာ (၁၁၁၄.၂) ဧက ဖြစ်ပြီး ဥယျာဉ်ခြံမြေအနည်းငယ်သာရှိပါသည်။ လယ်မြေကေသာ အများဆုံးပိုင်ဆိုင်ကြပါသည်။ မြေဆီလွှာဆုံးရှုံးမှုများကြောင့် သီးနှံထွက်နှုန်း ကျဆင်းမှုများ ရှိပါသည်။

(ဂ-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)	များ ☐ သင့် ☐ နည်း ☐ မရှိ ☐	လွယ် ☐ခက် ☐ အသုံးမပြုနိုင်ပါ ☐
ကျောက်၊ သဲ၊ ကျောက်စရစ်စသည်များ	များ ☐ သင့် ☑ နည်း ☐ မရှိ ☐	လွယ် ☑ခက် ☐ အသုံးမပြုနိုင်ပါ ☐
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ☐ သင့် ☐ နည်း ☑ မရှိ ☐	လွယ် ☐ခက်☑ အသုံးမပြုနိုင်ပါ ☐
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့် ☐ နည်း ☑ မရှိ ☐	☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။တွင်းထွက်ပစ္စည်းများရှားပါး၍ ကျောက်၊သဲ များမှာ အသင့်အတင့် ရှိသောကြောင့် လမ်းခင်းရန်လွယ်ကူပါသည်။ တိရိစ္ဆာန်မျိုးစေ့များမှာ နည်းပါးလှပါသည်။ တိရိစ္ဆာန်မျိုးစေ့များမှာ တောင်ပေါ်ဒေသ များတွင်သာ တွေ့ရှိရပြီး ကျေးရွာအနီးတွင် တွေ့ရှိ မှုနည်းနေ ပါသည်။ သဘာဝဆေးဖက်ဝင်အပင်များ များရှိသော်လည်း သုံးစွဲရန်နှင့် နည်းလမ်းများ မရှိသောကြောင့် သုံးစွဲရန်ခက်ခဲနေပါသည်။

(ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း

	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့် ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေး လုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၂၀	၂၃၁	၂၅၀	၃၀

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - အဆင်ပြေသောအိမ်ထောင်စုကို သွပ်မိုးမိုး၍ တိုက်အိမ်များဖြင့် နေထိုင်ကြသောအိမ်များကိုသတ်မှတ်ထားပါသည်။အလယ်အလတ်ရှိသောအိမ်များမှာ ပျဉ်ထောင်အိမ်များသာ ဖြစ်ပြီး ၊မပြေလည်သောအိမ်ထောင်စုများမှာ သွပ်မိုးထရံကာများသာ ဖြစ်ပြီး ၊ တဲသာသာခန့်သာရှိသောအိမ်များကို အလွန်မပြေလည်သော အိမ်ထောင်စုများအဖြစ်သတ်မှတ်ပါသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာ ဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေ အတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု	၁၂	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၆

အချိန်ကာလ	အိမ်ထောင်စု အရေ အတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
		လုပ်အားခကြိုယူ = ၆
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု	၁၅	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၈ လုပ်အားခကြိုယူ = ၇
၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု	၀	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - ဝမ်းစာဖူလုံ ရေးအတွက် အိမ်ခြေ ၁၂ အိမ် လောက်မှာ ၃ လစာ အတွက် အသိများထံမှ ချေးယူရပါသည်။ ၃ လနှင့် ၆ လ ကြားအတွက် ဝမ်းစာဖူလုံရန်လည်း ချေးယူကြပါသည်။

(c-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အိုဖခင် နှစ်နှင့်အထက်	၃၉	၅၃	၉၂
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်	၀	၀	၀
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု			၁၂
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု			၁၀
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့်			၀

အကြောင်းအရာ	ကျား	မ	ပေါင်း
ဆင်းရဲသည့် အိမ်ထောင်စု			

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။။။လေ့လာတွေ့ရှိချက် - မိသားစု များကထောက်ပံ့မှုမရှိဘဲ ကျေးရွာမှ ထောက်ပံ့မှု သာခံယူနေရသော အဖိုး၊အဖွားများမှာ (၂၂)ယောက်ရှိပါသည်။

(၄-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား(အခြေအနေ)	ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁	စားနပ်ရိက္ခာမဖူလုံမှု	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၂	သဘာဝရင်းမြစ်ရှားပါးမှု (မြေစိုက်ပျိုးရေ)	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၃	ရေကြီးခြင်း	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၄	မိုးခေါင်ခြင်း	မြင့် ☐ လတ် ☑ နိမ့် ☐ မရှိ ☐
၅	အအေးလွန်ကဲခြင်း	မြင့် ☐ လတ် ☑ နိမ့် ☐ မရှိ ☐
၆	မုန်တိုင်း	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၇	ငလျင်	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၈	မီးဘေး	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၉	ဆားငန်ရေဝင်မြေ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၀	မြေပြိုခြင်း၊မြေဆီလွှာပျက်ယွင်းမှု	မြင့် ☐ လတ် ☑ နိမ့် ☐ မရှိ ☐
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် ☐ လတ် ☑ နိမ့် ☐ မရှိ ☐
၁၂	၄က်ဖျားရောဂါ	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၁၃	တီဘီရောဂါ	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၁၅	ပြည်တွင်းပဋိပက္ခ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၆	တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား(အခြေအနေ)	ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁၇	လူကုန်ကူးခြင်း	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၈	ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲစသည်	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။။။ ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ ကျေးရွာတွင် စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်း စသည့်အခြေအနေများ ဖြစ်ပေါ်ခြင်းရှိပါက ယင်းဖြစ်စဉ်များအတွက် ကျေးရွာသူရွာသားများ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက ကျေးရွာ၏ မည်သို့သော အိမ်ထောင်စုများနှင့် အိမ်ထောင်စုမည်မျှ ထိခိုက်သက်ရောက်မှု ခံစားကြရပါသလဲ။ (ဥပမာ။ ။

အိမ်ထောင်စု ၁၀၀ တွင် ၂၅ အိမ်ထောင်စု အောက် - နိမ့်

အိမ်ထောင်စု ၁၀၀ တွင် ၂၅ မှ ၅၀ အိမ်ထောင်စု - လတ်

အိမ်ထောင်စု ၁၀၀ တွင် ၅၀ အိမ်ထောင်စု အထက် - မြင့်)

လေ့လာတွေ့ရှိချက်။ ယခင်နှစ်များတွင် မြေဆီလွှာများကောင်းသော်လည်း ယခုနှစ်များတွင် ဓါတ်မြေဩဇာများ အလွန်အကျွံသုံးစွဲလာမှုများကြောင့် မြေဆီလွှာပျက်စီးမှုများရှိပါသည်။

(ဃ-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁	လူငယ်	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၂	အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့်အိမ်ထောင်စု	မြင့် ☐ လတ် ☑ နိမ့် ☐ မရှိ ☐
၃	မြေယာမဲ့၊ဆင်းရဲသားတောင်သူ	မြင့် ☐ လတ် ☑ နိမ့် ☐ မရှိ ☐
၄	သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သောအိမ်ထောင်စု/ ကူးစက်ရောဂါထူပြောသောဒေသတွင်နေထိုင်သူ	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၅	မြစ်ကမ်းဘေးနေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၆	မတော်တဆမှုဖြစ်နိုင်ခြေများသောနေရာ(Prone to accident)တွင်နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐

စဉ်	ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ(IDP)	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၈	မြေနိမ့်ပိုင်းနေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၉	ငါးကန်ပိုင်ရှင်များ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၀	လက်လုပ်လက်စားများ၊ကျပန်းများ	မြင့် ☐ လတ် ☑ နိမ့် ☐ မရှိ ☐
၁၁	လူနည်းစုလူမျိုးများ	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၁၂	ဒေသတွင်းပဋိပက္ခဧရိယာတွင်နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၃	နယ်စပ်ဒေသတွင်နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၄	ရွှေတွင်းလုပ်သားများ	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၁၅	ဆေးစွဲသူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၁၇	လှည့်လည်သွားလာ၍စျေးရောင်းသူများ	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၁၈	နေရပ်ပြန်အခြေချသူများ	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၁၉	ရွှေ့ပြောင်းလုပ်သားများ	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၂၀	ကားမောင်းပြီးအသက်မွေးသူများ	မြင့် ☐ လတ် ☑ နိမ့် ☐ မရှိ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။။။ ကျေးရွာရှိ လူငယ်များ၊ အမျိုးသမီးဦးဆောင်သောအိမ်ထောင်စုများ စသည်တို့သည် မည်သို့သောအခြေအနေများတွင် လွယ်လွယ်ကူကူ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက မည်မျှအထိ ထိခိုက်ကြပါသနည်း။

လေ့လာတွေ့ရှိချက်။ လူငယ်များသည် မိဘများ၏ အုပ်ထိန်းမှုအောက်တွင် အနီးကပ်စောင့်ရှောက်မှုရှိပြီး အမျိုးသမီးများသည် အလုပ်အကိုင်ပုံမှန် မရှိနိုင်ခြင်း အခြေခံစားသောက်ကုန်များ စျေးနှုန်းမြင့်မားခြင်း ၊မြေယာမဲ့ဆင်းရဲသားတောင်သူများမှာ လယ်ယာပိုင်ဆိုင်မှု နည်းခြင်းများကြောင့် ထိခိုက်လွယ်မှုများ ရှိပါသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်းအမည်	အများအစား(မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု(မှန်ရာတစ်ခု ကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
၁	ပေါင်းစည်းလယ်ယာအဖွဲ့	၁ ☐ ၂ ☐ ၃ ☑	၅	၁	၆	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☑ သာရေးနာရေးလူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐
၂	ကိုယ့်အားကိုယ်ကိုး အဖွဲ့	၁ ☐ ၂ ☑ ၃ ☐	၉	၉	၁၈	ပညာရေး ☐ ငွေကြေး ☑ ကျန်းမာရေး☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေးနာရေးလူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐
၃	ကျေးရွာလူထုအခြေပြုအဖွဲ့	၁ ☐ ၂ ☑ ၃ ☐	၈	၇	၁၅	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေးနာရေးလူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐
၄	သမဝါယမအသင်း	၁ ☐ ၂ ☐ ၃ ☑	၈	၃	၁၁	ပညာရေး ☑ ငွေကြေး ☑ ကျန်းမာရေး ☐ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေးနာရေးလူမှုဖွံ့ဖြိုးရေး☐ လုံခြုံရေးနှင့်ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု(မှန်ရာတစ်ခု ကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
၅	နာရေးကူညီမှုအသင်း	၁ ☑ ၂ ☐ ၃ ☐	၅	၀	၅	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐
၆	အရံမီးသတ်	၁ ☐ ၂ ☑ ၃ ☐	၁၀	၀	၁၀	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☑	ကောင်း ☐ သင့် ☑ ညံ့ ☐
၇		၁ ☐ ၂ ☐ ၃ ☐				ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☐ ညံ့ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် အဖွဲ့အစည်း (၇)ဖွဲ့ရှိ ပြီး ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များနှင့်ပေါင်းစပ်ညှိနှိုင်းပြီး ဆောင်ရွက်လျှက်ရှိပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁		၁ ☐ ၂ ☐ ၃ ☐ ၄ ☐၅ ☐ ၆ ☐ ၇ ☐	ပညာရေး ☐ ဌေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၂		၁ ☐ ၂ ☐ ၃ ☐ ၄ ☐၅ ☐ ၆ ☐ ၇ ☐	ပညာရေး ☐ ဌေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၃		၁ ☐၂ ☐ ၃ ☐ ၄ ☐၅ ☐ ၆ ☐ ၇ ☐	ပညာရေး ☐ ဌေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၄		၁ ☐ ၂ ☐ ၃ ☐ ၄ ☐၅ ☐ ၆ ☐ ၇ ☐	ပညာရေး ☐ ဌေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၅		၁ ☐ ၂ ☐ ၃ ☐ ၄ ☐၅ ☐ ၆ ☐ ၇ ☐	ပညာရေး ☐ ဌေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၆		၁ ☐ ၂ ☐ ၃ ☐ ၄ ☐၅ ☐ ၆ ☐ ၇ ☐	ပညာရေး ☐ ဌေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ – ဓမ္မစကူးလ် ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ –Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊ နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ – သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင် စသည်) တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်း မပြုပါရန်။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် ပြင်ပမှာလာရောက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းလုပ်ဆောင်နေသော အဖွဲ့အစည်းများမရှိပါ။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စုအရေအတွက်	ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက်
၁	မြေယာမဲ့	၃၁	မြေမဲ့ယာမဲ့
၂	၂.၅ ဧကအောက်	၁၇၄	ဆင်းရဲသားတောင်သူ
၃	၂.၅ ဧကမှ ၅ ဧကကြား	၁၆၈	တောင်သူငယ်
၄	၅ ဧကမှ ၁၂.၅ ဧကကြား	၉၈	တောင်သူလတ်

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စုအရေအတွက်	ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက်
၅	၁၂.၅ ဧက အထက်	၆၀	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စုစုစုပေါင်း		၅၃၁	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် မြေယာမဲ့ အိမ်ခြေမှာ (၃၁)အိမ်သာရှိပြီး ဆင်းရဲသားတောင်သူနှင့် တောင်သူငယ်များမှာ များပြားလှပါသည်။

(၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာတစ်ခုကိုသာရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)
၁	ဆည်	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☑	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☑
၂	ရေလွှဲဆည်	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☑	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☑
၃	မြစ်ရေတင်စီမံကိန်း	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☑	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☑
၄	ရေသွင်းမြောင်း	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☑	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☑
၅	အဝိစိတွင်း	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐	ရှိ ☐ မရှိ ☐

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာတစ်ခုကိုသာရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)
			မဖြေဆိုပါ ☑	မဖြေဆိုပါ☑
၆	လက်ငင်းရေတွင်း	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☑	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☑
၇	စိမ့်စမ်းရေ	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☑	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☑
၈	ချောင်းရေ	၉၇၇.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☑ မဖြေဆိုပါ ☐	ရှိ ☑ မရှိ ☐ မဖြေဆိုပါ☐

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။အဆက်ပြတ်စီးဆင်းနေသော ပနီချောင်းတည်ရှိမှုကြောင့် လယ်မြေများမှာ ရာသီအလိုက် ရေသွင်း၍ စိုက်ပျိုးကြပါသည်။

(၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစုေပါင်းစိုက်ဧက	တစ်ဧကအထွက်နှုန်း				သီးနှံ စိုက်ပျိုးသည့်ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အမြတ် ရရှိနိုင်မှု(မှန်ရာတစ်ခုကို သာ ရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ		
စပါး	၆၀၀	တင်း	၂၀	၁၀	၁၅	ဇူလိုင်	ဧနှစ်ဝါရီ	မြင့်☐ လတ်☑ နိမ့်☐	မြင့် ☐ လတ်☑ နိမ့် ☐

သီးနှံ	စုစုေါင်းစိုက်ဧက	တစ်ဧကအထွက်နှုန်း				သီးနှံ စိုက်ပျိုးသည့်ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကို သာ ရွေးရန်)	အမြတ် ရရှိနိုင်မှု(မှန်ရာတစ်ခုကို သာ ရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျှမ်းမျှ	မှ	ထိ		
နှမ်း	၂၀၀	တင်း	၄	၅	၄.၅	မေ	အောက်တိုဘာ	မြင့်☐လတ်☐ နိမ့် ☑	မြင့်☐လတ်☐ နိမ့် ☑
ပဲ	၁၀၀	တင်း	၂	၃	၂.၅	ဇူလိုင်	ဇန်နဝါရီ	မြင့်☐လတ်☑ နိမ့် ☐	မြင့်☐လတ်☐ နိမ့် ☑
ကုလားပဲ	၁၀၀	တင်း	၂	၃	၂.၅	အောက်တိုဘာ	ဖေေါ်ဝါရီ	မြင့်☐လတ်☑ နိမ့် ☐	မြင့်☐လတ်☐ နိမ့် ☑

ရင်းမြစ် ...ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။စပါးသီးနှံကို အဓိကစိုက်ပျိုးကြပြီး ဝါဆိုလမှ ပြာသိုလ် ထိ လုပ်ကိုင်ကြသည်။ နှမ်းမှာ ပျှမ်းမျှအားဖြင့် ၄ တင်း သာထွက်ပါသည်။ အမြတ်ရရှိမှု မှာနည်းပါးပါသည်။

(၄) လယ်ယာသုံး စက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသောတောင်သူအရေအတွက်
ထွန်စက်	၁၅	၀	၀	၃၅၃
လက်တွန်းထွန်စက်	၀	၀	၀	၀
အစေ့ချကိရိယာ	၀	၀	၀	၀
ရိတ်သိမ်းခြွေလှေ့စက်	၀	၀	၀	၀
ရိတ်သိမ်းစက်	၀	၀	၀	၀
ခြွေလှေ့စက်	၅	၀	၀	၄၉၀
ရေစုပ်စက်	၅၀	၀	၀	၀
ခြေနင်းရေတင်စက်	၀	၀	၀	၀
မြက်ရိတ်စက်	၃	၀	၀	၀

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လှေ့လာတွေ့ရှိချက်။ ။ကိုယ်ပိုင်ထွန်စက်များ ရှိကြပြီး အခြားသူများက ငှားရမ်းအသုံးပြုကြပါသည်။ ခြွေလှေ့စက်များကို ငှား၍ ရွာရှိတောင်သူများအားလုံး ထိုစက်များကို ငှားရမ်းခပေး၍ အသုံးပြုရသည်။

(၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက်စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကိုရွေးရန်။)
သဘာဝရေမြေရာသီဥတုအနေအထား	အလွန်ကောင်း☐ ကောင်း☐ သင့်တင့်မျှတ☑ မဖြေဆိုပါ ☐
လယ်ယာမြေအသုံးချနိုင်မှု	အလွန်ကောင်း☐ ကောင်း☐ သင့်တင့်မျှတ☑ မဖြေဆိုပါ ☐
Sစိုက်ပျိုးရေအရင်းအမြစ်	ပေါများ ☐ အသင့်အတင့်ရှိ☑ မဖြေဆိုပါ ☐
ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု	အလွယ်တကူရသည် ☐ ရသည် ☑ မဖြေဆိုပါ ☐

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကိုရွေးရန်။)
သီးနှံမျိုးစေ့ရရှိနိုင်မှု	မျိုးကောင်းမျိုးသန့်များကို လွယ်ကူစွာ ဝယ်ယူနိုင်သည် ☐ သီးနှံမျိုးစေ့များဝယ်ယူရရှိနိုင်သည်☑ မဖြေဆိုပါ ☐
သဘာဝမြေဆွေး / အော်ဂဲနစ်မြေဩဇာနှင့်အခြားအော်ဂဲနစ် သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ ဝယ်ယူရနိုင်သည်☑ မဖြေဆိုပါ ☐
ဓာတုပိုးသတ်ဆေး၊ဓာတ်မြေဩဇာနှင့်အခြားဓာတုဗေဒသွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ ဝယ်ယူရနိုင်သည်☑ မဖြေဆိုပါ ☐
လုပ်သားရရှိနိုင်မှု	အလွယ်တကူ ရနိုင်သည်☐ ရနိုင်သည်☑ မဖြေဆိုပါ ☐
နည်းပညာ၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာဝန်ဆောင်မှုများ	အလွယ်တကူ နိုင်သည်☐ ရနိုင်သည်☑ မဖြေဆိုပါ ☐
သီးနှံဈေးကွက်နှင့်ကုန်သွယ်မှု	သီးနှံများကိုလွယ်ကူစွာနှင့်ဈေးနှုန်းမှန်ကန်စွာဖြင့်ရောင်းချနိုင်သည်☐ သီးနှံများကိုရောင်းချနိုင်သည်☑ မဖြေဆိုပါ ☐

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီး ဌာနများ။

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - ရာသီဥတုမှာ အသင့်အတင့်မျှ ရှိ၍ လယ်ယာမြေ အသုံးချနိုင်မှုမှာလည်း အသင့်အတင့် မျှသာရှိပါသည်။ သီးနှံမျိုးစေ့ဝယ်ယူရန်လည်း မြို့သို့ သွား၍ ဝယ်ယူရပါသည်။ ယခုအခါ ပြည်တွင်း၊ပြည်ပသို့ သွားလာသူများသောကြောင့် လုပ်သားအင်အား ရှား ပါးနေပါသည်။

(၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

ပြဿနာနှင့်အခက်အခဲများ	ဖော်ပြချက်/ရှင်းလင်းချက် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကို ရွေးရန်။)
သဘာဝရေမြေရာသီဥတုအနေအထား	မြေဆီဩဇာမကောင်း☐ ရာသီဥတုမမှန်နိ☑

ပြဿနာနှင့်အခက်အခဲများ	ဖော်ပြချက်/ရှင်းလင်းချက် (<u>အနည်းဆုံးတစ်ခုနှင့် အထက်</u> ရွေးနိုင်သည်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက “မဖြေဆိုပါ” ဟူသော အကွက်ကို ရွေးရန်။)
	မဖြေဆိုပါ ☐
လယ်ယာမြေအသုံးချနိုင်မှု	လယ်ယာမြေတိုးချဲ့နိုင်မှုမရှိပါ☐ လယ်ယာမြေဆုံးရှုံးမှုများသည်☐လယ်ယာမြေဆုံးရှုံးမှုအသင့်အတင့်ရှိသည်☐ ပလပ်မြေများရှိသည်☐ပလပ်မြေအသင့်အတင့်ရှိသည်☑ မဖြေဆိုပါ ☐
စိုက်ပျိုးရေအရင်းအမြစ်	အလွယ်တကူမရနိုင်☑ လုံးဝမရ☐ မဖြေဆိုပါ ☐
ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု	အလွယ်တကူမရနိုင် ☑ လုံးဝမရ ☐ မဖြေဆိုပါ ☐
သီးနှံမျိုးစေ့ရရှိနိုင်မှု	အလွယ်တကူမရနိုင် ☑ လုံးဝမရ ☐ မဖြေဆိုပါ ☐
သဘာဝမြေဆွေး / အော်ဂဲနစ်မြေဩဇာနှင့်အခြားအော်ဂဲနစ်သွင်းအားစုများ	အလွယ်တကူမရနိုင် ☑ လုံးဝမရ ☐ မဖြေဆိုပါ ☐
ဓာတုပိုးသတ်ဆေး၊ဓာတ်မြေဩဇာနှင့်အခြားဓာတုဗေဒသွင်းအားစုများ	အလွယ်တကူမရနိုင် ☑ လုံးဝမရ ☐ မဖြေဆိုပါ ☐
လုပ်သားရရှိနိုင်မှု	အလွယ်တကူမရနိုင် ☑ လုံးဝမရ ☐ မဖြေဆိုပါ ☐
နည်းပညာ၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာဝန်ဆောင်မှုများ	အလွယ်တကူမရနိုင် ☑ လုံးဝမရ ☐ မဖြေဆိုပါ ☐
သီးနှံစျေးကွက်နှင့်ကုန်သွယ်မှု	သီးနှံများကိုလွယ်ကူစွာနှင့်စျေးနှုန်းမှန်ကန်စွာဖြင့်မရောင်းချနိုင်ပါ☑ သီးနှံများကိုရောင်းချရန်စျေးကွက်မရှိပါ☐ မဖြေဆိုပါ ☐
ဖျက်ပိုးနှင့်ရောဂါကျရောက်မှု	ဆိုးရွားစွာကျ☐ အသင့်အတင့်ကျ☑ အနည်းငယ်☐ မဖြေဆိုပါ ☐

ရင်းမြစ် (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။ရာသီဥတုမမှန် ခြင်းနှင့် မြေဩဇာကောင်းစွာ အသုံးမချတတ်ခြင်းကြောင့် ပလပ်မြေများရှိနေပါသည်. မြေဩဇာ ကောင်းစွာ အသုံးချတတ်စေရန် နည်းပညာ ဝန်ဆောင်မှုဆောင်မှုများ ပေးရန်လိုအပ်နေပါသည်။

(ခ-၂) မွေးမြူရေးလုပ်ငန်း

(၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ

ဇယား (၁၉) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

မွေးမြူရေးနှင့်ငါးလုပ်ငန်း	မွေးမြူရေးနှင့်ငါးလုပ်ငန်းလုပ်ကိုင်နေသောအိမ်ထောင်စု	ကောင်ရေ
မွေးမြူရေး		
နွား	၄၀	၅၀
နို့စားနွား	၀	၀
ကျွဲ	၀	၀
မြင်း	၀	၀
မြည်း	၀	၀
လား	၀	၀
ဆိတ်	၀	၀
သိုး	၀	၀
ဝက်	၂၀	၂၄
ကြက်	၅၀	၂၀၃
ဘဲ	၀	၀
နွားနောက်	၀	၀
ငါးလုပ်ငန်း		
ငါးကန်	၀	၀
ပုဇွန်ကန်	၀	၀
ဂဏန်းမွေးမြူရေးလုပ်ငန်း	၀	၀
ရေချိုငါးဖမ်းလုပ်ငန်း	၀	၀
ကမ်းလွန်ငါးဖမ်းလုပ်ငန်း	၀	၀

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

